# သာမန်ကာလ (၂၃)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာကု ၇း၃၁-၃၇

ယနေ့ဖတ်ရတဲ့ဧဝံဂေလိ ရှင်မာကုကျမ်းစာမှာ ယေရှုဘုရားရှင်က နားပင်းပြီး စကားမပြောနိုင်တဲ့သူကို ရောဂါပျောက်ကင်းအောင် သူ့တန်ခိုးတော်နဲ့ လုပ်ပေးလိုက်လို့ နားလည်း ကြားနိုင်ပြီး စကားလည်း ပြောနိုင်ပါတော့တယ်။ ဒီအခါ လူတွေက အံ့ဩကြပြီး “ကိုယ်တော်သည် အလုံးစုံကို ကောင်းစွာပြုတော်မူပြီ” လို့ ပြောကြပါတယ်။ ယေရှုဘုရားရှင်က အားလုံးကို ပြည့်စုံအောင်၊ အကောင်းအတိုင်းဖြစ်အောင် ပြုလုပ်ပေးတယ်။ ကျန်းမာစေတယ်။ ဒါဟာ ဘုရားရဲ့ဆန္ဒပဲ ဖြစ်ပါတယ်။ “အလုံးစုံကို ကောင်းအောင်ပြုတော်ပြီ” ဆိုတာက လူ့ရဲ့ ကာယရော၊ ဝိညာဉ်ရော(အလုံးစုံ) အကောင်းအတိုင်း ဖြစ်စေတာပါ။ ယေရှုဘုရားရှင်က ဝိညာဉ်ရေးအတွက်ပဲ ကယ်တင်တာ မဟုတ်ပဲ ကာယရော၊ ဝိညာဉ်ရောပါ အလုံးစုံကယ်တင်တာဖြစ်ပါတယ်။

နားပင်းပြီး စကားမပြောနိုင်တဲ့သူကို ကုသပေးတဲ့အခါ တစ်ခြားသူတွေကို ကုသပေးပုံနဲ့ မတူပဲ ကွာခြားနေပါတယ်။ တခြားသူတွေကို ကုသပေးတုံးက ယုံကြည်သလားဆိုတာလောက် မေးပြီး ကုသပျောက်ကင်းစေပါတယ်။အခု နားလည်းမကြား၊ စကားလည်း မပြောနိုင်တဲ့သူကို အဲ့လို ပြောဆိုမေးမြန်းပြီး ယုံကြည်လာစေဖို့ဆိုတာ မဖြစ်နိုင်လို့ အခုလို လူအုပ်ထဲကနေ သူ့ကို တစ်ယောက်တည်း ခေါ်ထုတ်လာတယ်။ ကိုယ်တော်လက်ချောင်းနဲ့ သူ့နားထဲကို သွင်းတယ်။ ကိုယ်တော်တံထွေးနဲ့ သူ့လျှာကို တို့ထိတယ်။ ဒီလို အပြုအမူတွေအားဖြင့် သူ့ကို ယုံကြည်ခြင်းကြီးလာအောင် ကူညီပေးပါတယ်။ ဘာသာသူတို့ မယုံကြည်နိုင်ရင် ကုသပျောက်ကင်းပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကြည့်ပါ့လား နာဇရက်မြို့က လူတွေက ယေရှုဘုရားရှင်ကို

မယုံကြည်နိုင်ကြလို့ အဲဒီမြို့မှာ တန်ခိုးများစွာ မပြခဲ့ဘူး ဆိုတာ မှတ်မိကြမှာပါ။

ယခုခေတ်လူတွေက ဘုရားရဲ့ ကုသနိုင်တဲ့တန်ခိုးကို မယုံချင်ကြပါဘူး။ အခုလို ဆေးပညာတွေ တိုးတက်လာတဲ့ခေတ်၊ ပညာတွေ တတ်လာကြတဲ့ခေတ်မှာ အစစအရာရာကို ရှင်းပြလာနိုင်ကြတဲ့အခါ ဘုရားရဲ့တန်ခိုးကြောင့် ကုသပျောက်ကင်းတယ်ဆိုတာ လက်မခံချင်ကြတော့ပါဘူး။ “သင်၏ယုံကြည်ခြင်းသည် သင့်ကို ကယ်တင်လေပြီ” ဆိုတဲ့ ယေဇူးဘုရားရှင် မိန့်တော်မူလေ့ရှိတဲ့စကားအတိုင်း ယနေ့ခေတ်လူတွေ ပြောလာကြတာက “သင်၏ယုံကြည်ခြင်းက သင့်ကို ကယ်တင်တာ၊ ငါဘုရားက ကယ်တင်တာ မဟုတ်ဘူး” လို့ ဆိုလာကြပါတယ်။ သူတို့က ဘယ်လိုဆက်ရှင်းပြကြသလဲဆိုတော့ “လူတိုင်းရဲ့ စိတ်ဝိညာဉ်ထဲမှာ ခွန်အားတန်ခိုးရှိတယ်။ လူက ယုံကြည်နိုင်လွန်းရင် လူ့စိတ်ဝိညာဉ်ထဲက ခွန်အားတန်ခိုးက လူကို တကယ်ပဲ သူယုံကြည်တဲ့အတိုင်း ဖြစ်လာစေတာပါပဲ” တဲ့။ တစ်ချို့ ဆရာဝန်တွေ ရှင်းပြချက်က “လူဟာ ဘုရားတရားနဲ့ စိတ်ကောင်းသွင်းပြီး နေထိုင်ရင် လူ့ကိုယ်ခန္ဓာထဲက မီတာစတီး ဆိုတဲ့ အင်ဇိုင်းခါတ်ထွက်ပြီး လူကို ကျန်းမာပေါ့ပါးစေတယ်၊ စားဝင်အိပ်ပျော်စေတယ်” တဲ့ ။ ဒါကြောင့် ဘုရားက ကုပေးတာ မဟုတ်ဘူး တဲ့ ။ လူ့သဘာဝ ခန္ဓာကိုယ်ကြီးက သူ့ဟာသူ ကုပေးလိုက်တာ တဲ့ ။ ဒါပေမဲ့ လူ့ကိုယ်ခန္ဓာထဲမှာ အဲ့လို အင်းဇိုင်းထွက်အောင် စီစဉ်ဖန်ဆင်းပေးထားတာက ဘုရား လေ။

သွေးသွန်နာစွဲနေတဲ့အမျိုးသမီးက ယေဇူးဘုရားရှင်ရဲ့ဝတ်ရုံကို တို့ထိပြီး ရောဂါပျောက်ကင်းသွားတုံးက ယေဇူးဘုရားရှင်ကတောင် ဘယ်သူဘယ်ဝါမှန်း မသိလိုက်ဘူး လေ။ ဒါပေမဲ့ ယေဇူးဘုရားရှင် သိလိုက်တာက သူ့ထံမှ တန်ခိုးထွက်သွားတာကို သိလိုက်တာပါ။

ဒါကြောင့် ယခုခေတ် အတတ်ပညာတွေက ဘယ်လိုပဲရှင်းပြနိုင်ပါစေ၊ ကုသပျောက်ကင်းစေနိုင်တဲ့တန်ခိုးက ဘုရားထံမှ ထွက်လာရတာပါ။

လူတွေက ကိုယ်ကာယရဲ့ ကျန်းမာပြည့်စုံနေတာပဲ တတ်မက်ကြပါတယ်။ ဒီဘာသာက ဒီဘုရားက ရောဂါပျောက်ကင်းအောင် လုပ်မပေးနိုင်ရင် တခြားဘုရားဆီကို သွားကြမှာပဲ။ နတ်တွေ ဗေဒင်ဆရာတွေဆီကို သွားကြမှာပဲ။ ပိုက်ဆံ ဘယ်လောက်ကုန်ကုန် ပျောက်ချင်ကြတာပါပဲ။ ကိုယ်ချင်းစာပါတယ်။

ဗာတီကန် 2 မှာ ကုသခြင်းနဲ့ ပတ်သက်လို့ အသင်းတော်က ဘယ်လိုရှင်းပြထားသလဲဆိုတော့ "Miracles are external sign of Revelation" တဲ့ ။ ကုသပျောက်ကင်းစေတဲ့ ဘုရားရဲ့တန်ခိုးက ဘာကို ပြသလဲဆိုတော့ ဘုရားဆိုတာ တကယ်ရှိတယ်။ အဲ့ဒီဘုရားက ငါတို့ကို ချစ်တယ်၊ ဂရုစိုက်တဲ့ဘုရားဖြစ်တယ်ဆိုတာကို ဖော်ပြနေတဲ့ အပြင်အပလက္ခဏာပဲ ဖြစ်ပါတယ် တဲ့။ တန်ခိုးတော်အားဖြင့် ကုသပျောက်ကင်းစေတာက တခြားရည်ရွယ်ချက် မရှိဘူး။ ဘုရားက အဲ့ဒီကုသခြင်းတန်ခိုးနဲ့ သူဟောပြောတဲ့တရားတော်တွေ မှန်ကန်ကြောင်း၊ ဘုရားရှိကြောင်း၊ အဲ့ဒီဘုရားက ငါတို့ကို ချစ်နေကြောင်း ပြသဖို့အတွက် ကုသခြင်းတန်ခိုးကို လုပ်ပေးတာဖြစ်ပါတယ်။ ဒါကြောင့် လူ့ရဲ့ဝိညာဉ်ရေးအတွက် တန်ခိုးလုပ်ပေးတာပါ။

ကျမ်းစာထဲမှာ ယေဇူးဘုရားရှင်ထံ ကုသခြင်းခံယူဖို့ လာကြတဲ့လူတွေကို ယေဇူးဘုရားရှင်က တခါမျှ မငြင်းပယ်ခဲ့ဘူး။ "ကိုယ်ခံထမ်းရတဲ့ အဖျားရောဂါကို သည်းခံပြီး ခံထမ်းပါ။ ဘုရားကို ပူဇော်လိုက်ပါ။" ဆိုပြီး တခါမျှ မကုသပဲ ပြန်မလွှတ်လိုက်ပါဘူး။ ကုသခြင်းတန်ခိုးကို လုပ်ပေးခဲ့တာပါပဲ။ ယေဇူးဘုရားကို စုံစမ်းတဲ့အနေနဲ့ ဖါရိရှေဦးတွေ ဘာသာရေးခေါင်းဆောင်တွေက ကောင်းကင်က နိမိတ်လက္ခဏာ တန်ခိုးကို လုပ်ပြခိုင်းတဲ့အခါ ယေဇူးဘုရားရှင်က တန်ခိုး

လုပ်မပြခဲ့ဘူး၊ ငြင်းပယ်ခဲ့တယ်။ "သင်ဟာ ဘုရားရဲ့သားတော်မှန်တယ်ဆိုရင် လက်ဝါးကားတိုင်ပေါ်က အခုဆင်းခဲ့ပါ" လို့ တန်ခိုးပြခိုင်းတဲ့အခါ ယေရှုဘုရားရှင်က တန်ခိုး မပြခဲ့ပါဘူး၊ ငြင်းပယ်ခဲ့ပါတယ်။ ဒါပေမဲ့ လူနာတွေက လာရောက် ကုသခံကြတဲ့အခါမှာတော့ ကုသခြင်းတန်ခိုးပြဖို့ တစ်ခါမျှ မငြင်းပယ်ခဲ့ပါဘူး။

ယေရှုဘုရားရှင်ရဲ့ တရားတော်က လူတွေ ကာယဝိညာဉ် နှစ်ဖြာ လွတ်မြောက်စေဖို့ပါပဲ။ ရှင်လုကာ ၄း၁၈၊ ၁၉ မှာ "ဆင်းရဲသားတို့ကို ဝမ်းမြောက်စရာသတင်း ဟောပြောဖို့၊ ချုပ်နှောင်ခံရသူတို့ကို လွတ်မြောက်စေဖို့" ထာဝရဘုရားက သခင်ယေရှုကို စေလွှတ်တော်မူကြောင်း သိရပါတယ်။ အဲ့လို လွတ်မြောက်အောင် လုပ်ပေးတဲ့အခါ ကာယပဲ လွတ်မြောက်စေတာ မဟုတ်ပဲ၊ ဝိညာဉ်ရောပါ လွတ်မြောက်စေမှ ပြည့်စုံမှာပါ။

ယနေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ဗေလန်ကန္ဓီ ကျန်းမာရေးမယ်တော်ပွဲကို ကျင်းပနေကြပါတယ်။ ကာယကျန်းမာစေချင်ရင် နံပါတ်(၁) အရေးကြီးဆုံးက ဝိညာဉ်မှာ ကုသခြင်းခံရဖို့ ပါပဲ။ အဲ့လိုမဟုတ်ရင် ကာယက ကျန်းမာပြီး ဝိညာဉ်က မရှင်မလန်း မလွတ်မမြောက်ဖြစ်နေရင် ဘာအကျိုးထိရောက်အုံးမှာလဲ။ ဘယ်သူ့ကိုမှလည်း မချစ်နိုင်၊ မုန်းတီးနေ၊ တွေ့တဲ့လူနဲ့ ရန်ဖြစ်၊ မခွင့်လွှတ်နိုင်၊ ရန်ငြိုးတွေနဲ့၊ ဒါဆို သင့်ကာယကျန်းမာနေခြင်းက ဘာအကျိုးပြုပေးနိုင်မှာလဲ။ နှလုံးစိတ်ဝမ်း မအေးချမ်းပဲ ကျန်းမာနေတယ်ဆိုတာမျိုး ရှိသလား။ စိတ်ထောင်းတော့ ကိုယ် ကြေမှာပဲ။

ဒါကြောင့် ယေရှုဘုရားရှင်က ကယ်တင်ခြင်းလုပ်တဲ့အခါ ဟောပြောလမ်းညွှန်ရုံတင်မက ကုသပျောက်ကင်းစေပါတယ်။ ဘုရားက အလုံးစုံ ကာယရော၊ ဝိညာဉ်ရော ကုသပေးချင်နေတာပါ။ ဒါကြောင့်

သူ့ရဲ့ တပည့်တော်ကြီးတွေကို သာသနာပြုဖို့ စေလွှတ်တဲ့အခါ "သင်တို့ သွားကြစဉ် လူနာများအပေါ်၌ လက်ကို တင်ကြလျက် ရောဂါပျောက်ကင်းစေကြလော" လို့ မိန့်မှာတော်မူပါတယ်။ ဝိညာဉ်က ယေရှုဘုရားရှင်ကို ချစ်တယ်၊ ယုံကြည်တယ်။ ဒါကြောင့် သူ့ရဲ့ ကတိတော်တွေကို မျှော်လင့်နေတယ်။ ဒီလို လူဟာ ဝိညာဉ်ရေးကောင်းနေရင် ရောဂါဝေဒနာ မပျောက်မကင်း ဝေဒနာခံစားနေရရင်တောင် ခံထမ်းနိုင်တယ်။ ဝမ်းမြောက်ဝမ်းသာကို ခံထမ်းနိုင်တယ်။ ရှင်ပေါလူးလိုပေါ့ "ယခု ငါသည် သင်တို့အတွက် ဒုက္ခဆင်းရဲခံထမ်းရသောကြောင့်လည်းကောင်း၊ အသင်းတော်တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာအတွက် ခံထမ်းရသောကြောင့်လည်းကောင်း ငါ ဝမ်းမြောက်ပါ၏" (ကောလောသဲ ၁း၂၄) ။ သင်ဟာ ရောဂါဝေဒနာ မပျောက်ကင်းရင်တောင် ရှင်ပေါလူးလို ဝမ်းမြောက်နိုင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။